လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်
(၂၀၀၇ ခုနှစ်၊ မေလ ၂၉)

'ကြံ့ဖွံ့အသင်းဝင်များ၊ မီးသတ်များ၊ စွမ်းအားရှင်အမည်ခံ လူရမ်းကားအုပ်စုများက ဒုတိယ ဒီပဲယင်း အကြမ်းဖက်မှုမျိုး ဖန်တီးနေတယ်'၊ '၈၈ မျိုးဆက်ကျောင်းသားများကို အစုလိုက်အပြုံလိုက်ဖမ်းဆီးလိမ့်မယ်'၊'ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုဂျင်မီတို့ရဲ့ ပုဂ္ဂိုလ်ရေးလုံခြုံမှုနှင့် အသက်အန္တရာယ်ရှိနေတယ်'စသဖြင့် သတင်း အခြေအနေအချက်အလက်များ ကြားသိနေရပါသည်။

သို့အတွက် ကျွန်တော်တို့အထူးစိုးရိမ်မကင်းဖြစ်ရပါသည်။

ပြည်သူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအနေဖြင့်မိမိတို့လိုလားချက်များ၊ မိမိတို့ကြုံတွေ့ရဆိုင်နေရသော မတရားမှုများ၊ မညီမျှမှုများ၊ ဖိနှိပ်မှုများ၊ အကြမ်းဖက်ရန်ပြုမှုများကို ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပြသကြရမည်သာဖြစ်ပါသည်။

ဖိနှိပ်မှု၊ မတရားမှု၊ မညီမျှမှုများ၊ အကြမ်းဖက်ရန်ပြုမှုများကို ခုခံတွန်းလှန်ကြရမည်သာဖြစ်သည်။ အဖိနှိပ်ခံပြည်သူများဘက်မှ ရပ်တည်ခြင်း၊ မတရားမှု၊ မညီမျှမှုများနှင့်ကြုံတွေ့လာလျှင်တရားသည့် ဘက်ကရပ်တည်ဆောင်ရွက်ခြင်းမှာ ဒီမိုကရေစီ ယဉ်ကျေးမှု ပင်ဖြစ်ပါသည်။

ယင်းသို့သော ငြိမ်းချမ်းစွာ၊ ယဉ်ကျေးစွာဆန္ဒဖော်ထုတ်မှုများကို ကြံ့ဖွံ့အသင်းဝင်များ၊ မီးသတ်များ၊ စွမ်းအားရှင်အမည်ခံများက လူစုလူအုပ်အသွင် ပုံဖျက်၍ နှောင့်ယှက်ဟန့်တားခြင်း၊ အကြမ်းဖက်ရန်ပြုခြင်း၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်းများသည် ဖက်ဆစ်တို့ ၏ လုပ်နည်းလုပ်ဟန်များပင်ဖြစ်ပါသည်။

ထိုလုပ်ရပ်များသည် တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်မှုနှင့်အေးချမ်းသာယာမှုကိုထိခိုက်ပျက်ပြားစေပါသည်။ ထိုလူရမ်းကားအုပ်စုများ၏ အကြမ်းဖက်လုပ်ရပ်များ၊ အတွင်းကျိတ်ကြံစည်မှုများကို ထိန်းကွပ်တားဆီးရန် (နအဖ)စစ်အစိုးရတွင် အဓိက တာဝန်ရှိပါသည်။

မတရားအနိုင်ကျင့်အကြမ်းဖက်ရန်ပြုလာလျှင် မိမိကိုယ်ကို ခုခံကာကွယ်ကြရမည်သာဖြစ်သည်။ ဤသည်မှာ အခြေခံလူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။ ဤအခြေခံလူ့ခွင့်အရေးများကို (နအဖ)စစ်အစိုးရနှင့်(နအဖ)စစ်အစိုးရ၏ 'တရားဥပဒေ'က လစ်လျူရှုပစ်ပယ်ထားပြီး၊ ခုခံကာကွယ်ခွင့်လုံးဝမပေးသည့်အပြင် ပြောင်ပြောင်တင်းတင်းပင် မြောက်ပင့်သွေးထိုးလှုံ့ဆော်မှုများပြုလုပ်နေပါသည်။

အဆိုပါ ကြံ့ဖွံ့အသင်းဝင်များ၊ မီးသတ်များ၊ စွမ်းအားရှင်အမည်ခံ လူရမ်းကားအုပ်စုများ၏ အကြမ်းဖက်လုပ်ရပ်များ၊ ကြံစည်မှုများကို ဆရာတော်သံဃာတော်များ၊ တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်ကြီးများ၊ ပြည်သူများ၏ညီညွတ်မှုစွမ်းပကားဖြင့်သာ ထိထိရောက်ရောက်ဟန့်တားပေးနိုင်မည်ဟု လေးလေးနက်နက်ယုံကြည်ပါသည်။

သို့ပါ၍ ဆရာတော် သံဃာတော်များ၊ တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်ကြီးများ၊ ပြည်သူများက နိုင်ငံရေးတက်ကြွလှုပ်ရှားသူများရှေ့မှမားမတ်တည်ကြည်စွာ ရပ်တည်ဆောင်ရွက်ပေးကြပါရန်နှင့်အကြမ်းဖက်ရန်ပြုမှုများကို ထိထိရောက်ရောက်ဟန့်တားပေးပါရန် ပန်ကြားအသိပေးအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

ဆက်သွယ်ရန်လိပ်စာ

ကိုခင်မောင်တင့် (အထွေထွေ အတွင်းရေးမှူး)		ဖုန်း ၀၈၆-၅၅၄၄၅၈
ကိုဌေးလင်း	(တွဲဘက်အထွေထွေ အတွင်းရေးမှူး)	ဖုန်း ၀၈၁-၄၇၅၉၂၂